# Small and Medium Enterprise Development Law

# (2015)

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ

# ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

# (၂၀၁၅ ခုနှစ်)

# Contents


| No. | | Particular | Page |
|---|---|---|---|
| 1. | Chapter (I) | Name and Definition | 1-5 |
| 2. | Chapter (II) | Objective | 5-6 |
| 3. | Chapter (III) | Basic Principles | 6-7 |
| 4. | Chapter (IV) | Formation of Central Committee and Functions and Duties thereof | 7-9 |
| 5. | Chapter (V) | Formation of Working Committee and Functions and Duties thereof | 9-11 |
| 6. | Chapter (VI) | Formation of Evaluation and Reporting Body and Functions and Duties thereof | 12-13 |
| 7. | Chapter (VII) | Formation of Agency and Agency Branch Offices and Functions and Duties thereof | 13-16 |
| 8. | Chapter (VIII) | TheRole of Business Associations | 16 |
| 9. | Chapter (IX) | Duties and Rights of Entrepreneur | 16-17 |
| 10. | Chapter (X) | Formation of Fund Management Body and Functions and Duties thereof | 17-19 |
| 11. | Chapter (XI) | One-Stop Service System | 19 |
| 12. | Chapter (XII) | Collecting and Keeping the Information and Dissemination | 19-20 |
| 13. | Chapter (XIII) | Human Resources Development and Providing Technology | 20-21 |
| 14. | Chapter (XIV) | Finding Market and Connection | 21 |

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁–၅ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက် | ၅–၆ |
| ၃။ | အခန်း(၃) | အခြေခံမူများ | ၆–၇ |
| ၄။ | အခန်း(၄) | ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၇–၉ |
| ၅။ | အခန်း(၅) | လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၉–၁၁ |
| ၆။ | အခန်း(၆) | လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ | ၁၂–၁၃ |
| ၇။ | အခန်း(၇) | အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ | ၁၃–၁၆ |
| ၈။ | အခန်း(၈) | စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ | ၁၆ |
| ၉။ | အခန်း(၉) | လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ | ၁၆–၁၇ |
| ၁၀။ | အခန်း(၁၀) | ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ | ၁၇–၁၉ |
| ၁၁။ | အခန်း(၁၁) | တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ် | ၁၉ |
| ၁၂။ | အခန်း(၁၂) | သတင်းအချက်အလက်စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း | ၁၉–၂၀ |
| ၁၃။ | အခန်း(၁၃) | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နည်းပညာအထောက်အပံ့ပေးခြင်း | ၂၀–၂၁ |
| ၁၄။ | အခန်း(၁၄) | ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်း | ၂၁ |

| No. | | Particular | Page |
|---|---|---|---|
| 15. | Chapter (XV) | Coordination on Taxation | 22 |
| 16. | Chapter (XVI) | Supporting Entrepreneurship and Business Start-up | 22-23 |
| 17. | Chapter (XVII) | Registration | 23-24 |
| 18. | Chapter (XVIII) | Miscellaneous | 24-25 |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | အခန်း(၁၅) | အခွန်အကောက်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးခြင်း | ၂၂ |
| ၁၆။ | အခန်း(၁၆) | စွန့်ဦးတီထွင်မှုနှင့် လုပ်ငန်းသစ်စတင်မှုကို ပံ့ပိုးဆောင်ရွက်ခြင်း | ၂၂–၂၃ |
| ၁၇။ | အခန်း(၁၇) | မှတ်ပုံတင်ခြင်း | ၂၃–၂၄ |
| ၁၈။ | အခန်း(၁၈) | အထွေထွေ | ၂၄–၂၅ |

# The Republic of the Union of Myanmar

# Pyidaungsu Hluttaw

# Small and Medium Enterprise Development Law

# (2015)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

# အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

# (၂၀၁၅)

# The Small and Medium Enterprises Development Law

## (The Pyidaungsu HluttawLaw No. 23, 2015)

## 6th Waning of Tagu, 1376 M.E.

## (9 April 2015)

The Pyidaungsu Hluttaw hereby enacts this Law.

## Chapter I

## Name and Definition

1. This law shall be called **The Small and Medium Enterprises Development Law.**
2. The following expressions contained in this Law shall have the meanings given here under.

   **(a) The Small Enterprise** means the following enterprises in which the value of the land is not included in the capital investment–

   (1) The enterprise, if it mainly operates manufacturing business,in which number of employees shall not exceed than 50 as permanent or capital investment shall not exceed 500 million kyats;

   (2) The enterprise, if it is labour intensive or mainly operates piecework business, in which number of employees shall not exceed 300 as permanent or capital investment shall not exceed 500 million kyats;

   (3) The enterprise, if it mainly operates wholesale business,in which number of employees shall not exceed 30 as permanent or annual income of the previous year shall not exceed 100 million kyats;

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။ )

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **အသေးစား စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ မတည်ရင်းနှီးငွေတွင် မြေတန်ဖိုး မပါဝင်သည့် အောက်ပါလုပ်ငန်းတို့ကို ဆိုသည်-

(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်း ဖြစ်လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၅၀ ဦး ထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ ထက်မပိုသော လုပ်ငန်း၊

(၂) လုပ်အား အခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစား လုပ်ငန်းကို အဓိကလုပ်ကိုင်သောလုပ်ငန်းဖြစ်လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၃၀၀ ဦးထက် မပိုသော သို့မဟုတ် မတည် ရင်းနှီးငွေ ကျပ် သန်း ၅၀၀ ထက် မပိုသော လုပ်ငန်း၊

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခု ဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ ထက် မပိုသောလုပ်ငန်း၊

(4) The enterprise, if it mainly operates retail business,in which number of employees shall not exceed 30 as permanent or annual income of the previous year shall not exceed 50 million kyats;

(5) The enterprise, if it mainly operates service business,in which number of employees shall not exceed 30 as permanent or annual income of the previous year shall not exceed 100 million kyats;

(6) The enterprise, if it is any other business other than in the above sub-sections (1), (2), (3), (4) and (5),in which number of employees shall not exceed 30 as permanent or annual income of the previous year shall not exceed 50 million kyats;

**(b)** **The Medium Enterprise** means the following enterprises in which the value of the land is not included in the capital investment-

(1) The enterprise, if it mainly operates manufacturing business,in which number of employees shall not exceed 300 as permanent or capital investment shall not exceed 500 million kyats to 1,000 million kyats;

(2) The enterprise, if it is labour intensive or mainly operates piecework business,in which number of employees shall not exceed 600 as permanent or capital investment shall not exceed 500 million to 1,000 million kyats ;

(3) The enterprise, if it mainly operate wholesale business,in which number of employees shall not exceed 60 as permanent or annual income of the previous year shall not exceed 100 million to 300 million kyats;

(၄) လက်လီ ရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခု ဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ ထက် မပိုသောလုပ်ငန်း၊

(၅) ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်း တစ်ခု ဖြစ်လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၃၀ ဦး ထက် မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ ထက် မပိုသောလုပ်ငန်း၊

(၆) အထက်ပုဒ်မခွဲငယ် ၁၊ ၂၊ ၃၊ ၄ နှင့် ၅ တို့မှအပ အခြားလုပ်ငန်း တစ်ခု ဖြစ် လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၃၀ ဦး ထက် မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ ထက် မပိုသောလုပ်ငန်း။

(ခ) **အလတ်စား စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ မတည်ရင်းနှီးငွေတွင် မြေတန်ဖိုး မပါဝင်သည့် အောက်ပါလုပ်ငန်းတို့ကို ဆိုသည်-

(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၃၀၀ ဦး ထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ် သန်း ၁၀၀၀ ထက်မပိုသော လုပ်ငန်း၊

(၂) လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစား လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၆၀၀ ဦး ထက်မပိုသော သို့မဟုတ် မတည် ရင်းနှီးငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသော လုပ်ငန်း၊

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်း ကို အဓိကလုပ်ကိုင်သော လုပ်ငန်း တစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၆၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့ သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ် သန်း ၁၀၀ အထက်မှ ကျပ်သန်း ၃၀၀ ထက် မပိုသော လုပ်ငန်း၊

(4) The enterprise, if it mainly operates retail business, in which number of employees shall not exceed 60 as permanent or annual income of the previous year shall not exceed 50 million to 100 million kyats;

(5) The enterprise, if mainly operates service business,in which number of employees shall not exceed 100 as permanent or annual income of the previous year shall not exceed 100 million kyats to 200 million kyats;

(6) The enterprise, if it is any other business other than in the above sub-section (1), (2), (3), (4) and (5),in which number of employees shall not exceed 60 as permanent or annual income of the previous year shall not exceed 50 million kyats to 100 million kyats;

**(c)** **Entrepreneur** means the person or business which operate small enterprise or medium enterprise or both small and medium enterprise with full percent capital of citizen.

**(d)** **Business Association** means a non-profit association, an association which cooperates with such non-profit association, sub-association and branch unit thereof which are established by entrepreneurs in accord with the existing laws.

**(e)** **Central Committee** means the Central Committee of Small and Medium Enterprises Development.

**(f)** **Working Committee** means the Working Committee of the Small and Medium Enterprises Development.

(၄) လက်လီ ရောင်းဝယ်ရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော လုပ်ငန်း တစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၆၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သော နှစ်၏ တစ်နှစ်ဝင်ငွေ ကျပ် သန်း ၅၀ အထက် မှ ကျပ် သန်း ၁၀၀ ထက် မပိုသော လုပ်ငန်း၊

(၅) ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခု ဖြစ်လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၁၀၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ် ဝင်ငွေ ကျပ်သန်း ၁၀၀ အထက် မှ ကျပ်သန်း ၂၀၀ ထက်မပိုသော လုပ်ငန်း၊

(၆) အထက်ပုဒ်မခွဲငယ် ၁၊ ၂၊ ၃၊ ၄ နှင့် ၅ တို့မှအပ အခြားလုပ်ငန်း တစ်ခု ဖြစ်လျှင် ဝန်ထမ်း ဦးရေ အမြဲတမ်း ၆၀ ဦး ထက် မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ် ဝင်ငွေ ကျပ်သန်း ၅၀ အထက် မှ ကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း။

(ဂ) **လုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ အသေးစား စီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်သည့် ရာနှုန်းပြည့် နိုင်ငံသား စီးပွားရေး လုပ်ငန်း လုပ်ဆောင်သူ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ လုပ်ငန်း ဆောင်ရွက်သူများက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့် အသင်းအဖွဲ့၊ ၎င်းတို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံ အဖွဲ့အစည်းနှင့် အဖွဲ့ခွဲ တစ်ခုခုကို ဆိုသည်။

(င) **ဗဟိုကော်မတီ**ဆိုသည်မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(စ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဆိုသည်။

(g) **Agency**means the small and medium enterprises development agency.

(h) **Agency Branch Offices** mean the branch offices which are opened in the respective Regions or States and Self-administered Divisions or Self-administered Zones or Union Territory with the permission of the Central Committee and the Working Committee.

(i) **One-Stop Service Team** means the team which is formed and assigned duty by the local administration body in the respective Regions or States, Self-administered Divisions or Self-administered Zones and Union Territory in order to provide service for registration and application of permits at one place for small and medium enterprises and to discharge duties contained in this Law.

(j) **Fund** means small and medium enterprises development fund established under this law.

(k) **Fund Management Body** means the body which manages the small and medium enterprises development fund.

(l) **Responsible Ministry** means the Ministry assigned by the Union Government to take responsibility mainly in the implementing of small and medium enterprises development.

(m) **Respective Ministries** means the Ministries related to the implementation of small and medium enterprises development.

(ဆ) **အေဂျင်စီ** ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး အေဂျင်စီကို ဆိုသည်။

(ဇ) **အေဂျင်စီရုံးခွဲများ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ သို့မဟုတ် ပြည်ထောင်စုနယ်မြေတို့တွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုချက် ဖြင့် ဖွင့်လှစ်ထားသော ရုံးခွဲများကို ဆိုသည်။

(ဈ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများနှင့် ပြည်ထောင်စုနယ်မြေတို့တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် တစ်နေရာတည်း၌ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုမိန့်များ လျှောက်ထားရာတွင် ဝန်ဆောင်မှုပေးခြင်းနှင့် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရန် ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကိုဆိုသည်။

(ည) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ ထူထောင်ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဋ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို စီမံခန့်ခွဲသည့် အဖွဲ့ကို ဆိုသည်။

(ဌ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် အဓိကတာဝန်ယူ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးဌာန ကို ဆိုသည်။

(ဍ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖော်ရာ တွင် ဆက်စပ် ပါဝင်နေသော ဝန်ကြီးဌာနများကို ဆိုသည်။

(n) **Bank** means the company licensed by the Central Bank to operate commercial banking or development banking in Myanmar.In this expression,foreign bank which have obtained license also includes.

(o) **Entrepreneurship** means the innovation of marketable and more useful technology, products, manufacturing and services.

(p) **RegistrationPermission** means the registration permission by the Agency for small and medium enterprises in accord with the stipulations in order to enjoy the rights contained in this Law.

(q) **Loan Information Department** means the department established with the permission of the Central Bank of Myanmar to collect the related loan information or the other appropriate information to assess the worth of borrowing of the customers to the financial institutions, and to inform the collected information to the financial institutions.

## Chapter II

## Objective

3. The objectives of this law are as follows:

(a) to enable to accept the information related to business, technical assistance and financial aids for the small and medium enterprises;

(ဃ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်း ဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း ဖြစ်စေ ဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီကိုဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်လည်း ပါဝင်သည်။

(ဏ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ ဈေးကွက်ဝင် ပိုမိုအသုံးတည့်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင် ဖန်တီးနိုင်မှု ကိုဆိုသည်။

(တ) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစားနှင့် အလတ်စားစီးပွားလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ထ) **ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာန**ဆိုသည်မှာ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးရန် ထိုက်တန်မှုကို အကဲဖြတ်သုံးသပ်ရန် ဆီလျော်သက်ဆိုင်သော အခြားသတင်းအချက်အလက်များကိုစုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့ အစည်းများသို့ အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော ဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက်စီးပွားရေးနှင့်ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာ ရရှိနိုင်စေရန်၊

(b) to reach local and international markets and enhance the competitiveness of small and medium enterprises;

(c) to have new employment opportunities and increase income of the people through the development of small and medium enterprises;

(d) to reduce the difficulties and obstacles in business operations of small and medium enterprises.

## Chapter III

## Basic Principles

4. The basic principles of this law are as follows:

(a) tendering necessary financial assistance, tendering legal advice and laying down the administrative policy in order to thrive small and medium enterprises and to reduce the difficulties of enterprise;

(b) undertaking necessary measures for small and medium enterprises in order to compete not only in the local market but also in the foreign markets with the international standardized quality products and servicesto increase the capacity of competitiveness, and to obtain market;

(c) encouraging small and medium enterprises for registration which are not yet registered in accord with the law;

(d) supporting the availability of information, technology and financial investment to new establishing or existing small and medium enterprises;

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်း ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက် စေရန် ၊

(ဂ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ ခြင်းအား ဖြင့် ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းသစ်များ နှင့်အတူ ဝင်ငွေတိုးတက် ရရှိလာစေရန်၊

(ဃ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများကို လျော့ပါး စေရန်။

## အခန်း (၃)

## အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက် စေရန် လည်းကောင်း၊ စီးပွားရေးလုပ်ငန်း များ၏ အခက်အခဲများ ကို လျှော့ချစေရန်လည်းကောင်း လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေရေးရာ အကြံဉာဏ် ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပြည်တွင်း ဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များတွင်ပါ နိုင်ငံတကာ စံချိန် စံညွှန်းမီ အရည်အသွေး ရှိသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားရေးနှင့် ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် တိုက်တွန်း အားပေး ခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေး စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို သတင်းအချက် အလက်၊ နည်းပညာ နှင့် ငွေကြေးအရင်းအနှီး ရရှိစေရန် အထောက် အကူပေးခြင်း၊

(e) ensuring small and medium enterprises to manage on the availability of resources with sustainable manner which has minimum impacts on natural and socio-economic environment;

(f) encouraging the small and medium entrepreneurs to produce innovative products, to develop services, to increase production capacity, to use appropriate advanced technology and facilities in production and distribution;

(g) encouraging the development of employment opportunities and human resources and managing the development of on-job trainings;

(h) promoting the cooperation of Government, private and international organizationsfor the development of small and medium enterprises;

## Chapter IV

## Formation of Central Committee and Function and Duties thereof

5. (a) The Union Government shall,to discharge functions and duties contained in this Law in order to enhance the development of small and medium enterprises, from the Central Committee of Small and Medium Enterprises as follows:

| | | |
|---|---|---|
| (1) | The President of the Union | Chairman |
| (2) | The Vice- Presidents | Vice-Chairman |
| (3) | The Union Ministers from Respective Ministries | Members |

(င) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုး သက်ရောက်မှု အနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးတက် ရရှိစေရေးအတွက် စီမံဆောင်ရွက် စေခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များကို ဆန်းသစ် တီထွင်သည့်ကုန်စည်များ ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှု စွမ်းရည်တိုးတက်ရေး၊ ကုန်ထုတ် လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာ နှင့် အထောက်အကူပြု ပစ္စည်း များကို လိုက်လျောညီထွေ အသုံးပြုရေးတို့အတွက် အားပေး တိုက်တွန်း ခြင်း၊

(ဆ) အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူသားအရင်းအမြစ် တိုးတက်ရေး ကိုအားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွံ့ဖြိုးတိုးတက်လာစေ ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကို အားပေးမြှင့်တင်ခြင်း။

## အခန်း (၄)

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ — ဥက္ကဋ္ဌ

(၂) ဒုတိယသမ္မတများ — ဒုတိယဥက္ကဋ္ဌများ

(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စု ဝန်ကြီးများ — အဖွဲ့ဝင်များ

| | | |
|---|---|---|
| (4) | The suitable representatives And economists, Intellectuals and intelligentsia from the business associations | Members |
| (5) | The Union Minister from responsible Ministry | Secretary |

(b) Joint-secretary shall be assigned duty from among the members formed under the sub-section (a).

(c) The president of the Union of Myanmarshall proclaim the formation of the Central Committee.

6. The functions and duties of the Central Committee are as follows-

(a) laying down thepolicies and guiding in order to carry out the development of small and medium enterprisesin accord withthebasic principles contained in this law;

(b) encouraging and promoting the development of small and medium enterprises which take part with highest ratio in the economic forces of the State;

(c) giving guidance to communicate and coordinate with local and international organizations for obtaining the financial and technical assistance;

(d) encouraging and promoting the development of themarket of small and mediumenterprise in order to reach rural area;

(e) arranging the regular occurrence and development of assess to market for the local and foreign investment enterprises;

(ဇ) စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များမှ အဖွဲ့ဝင်များ သင့်လျော်သော ကိုယ်စားလှယ်နှင့် စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ပုဂ္ဂိုလ်များ

(ဈ) တာဝန်ခံဝန်ကြီးဌာန အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက်မှ တွဲဖက် အတွင်းရေးမှူး ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ဗဟိုကော်မတီဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေငြာ ရမည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေး အင်အားစုများတွင် အချိုးအစား အများဆုံးပါဝင်နေသည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများ ရရှိရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေး ရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု စီးပွားရေး လုပ်ငန်းများအတွက် ဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက် လာစေရန် စီစဉ်ပေးခြင်း၊

(f) encouraging and promoting to train and nurture the necessary human resources for the development of small and medium enterprises;

(g) giving guidance and support for theapplication of technology on energy production and effective and efficient use of energy, and technology on environmental conservation;

(h) coordinating and giving guidance for the use of production technology on value added products and the use of machinery, and giving guidance and support for emerging innovative enterprises;

(i) coordinating with the relevant government departments, organizations, local authorities and private entrepreneurs in order to provide and fill adequately the basic infrastructures and supplies of small and medium enterprises;

(j) forming of the Working Committee and specifying duties and functions;

(k) guiding to form Agency, Fund Management Board and the other necessary Boards and to assign duty thereupon.

## Chapter V

### Formation of the Working Committee and Functions and Duties thereof

7. (a) The Central Committee shall form the Working Committee as follows:

| | |
|---|---|
| (1) a Vice-president | Chairman |
| (2) the Union Minister from the responsible ministry | Vice-Chairman |

(စ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့် ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကိုအကျိုးရှိရှိ ထိရောက်စွာ အသုံးချရေး နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု နည်းပညာများ အသုံးပြုရေ အတွက် လမ်းညွှန် ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်း လမ်းညွှန်ခြင်း၊ စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ပံ့ပိုး ပေးခြင်း၊

(ဈ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊

(ည) လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

## အခန်း (၅)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ (က) ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ဒုတိယ သမ္မတတစ်ဦး — ဥက္ကဋ္ဌ

(၂) တာဝန်ခံဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး — ဒုတိယ ဥက္ကဋ္ဌ

| | |
|---|---|
| (3) the Union Minister or Deputy Ministers from the respective Union Ministry | Member |
| (4) chief ministers of respectiveRegion or State,and Chairman of the Nay Pyi Taw Council | Member |
| (5) persons from the government departments and government organizations | Member |
| (6) suitable persons, economists,intellectuals, intelligentsia from the associations | Member |

(b) The Central Committee shall designate and assign duty the secretary and Joint-Secretary fromamong the members of the committee formed under sub-section (a).

8. The function and duties of the WorkingCommittee of Small and Medium Enterprises Development are as follows:

(a) collecting, analyzing and submitting necessary information to the Central Committee in order to encourage and promote the small and medium enterprises;

(b) assisting the small and medium enterprises in order to overcome the obstacles;

(c) supporting to connect extensively with the local and foreign economic markets to enable to extend the market;

(d) creating in order to fulfill the skilled-labour requirementand employment opportunities;

(e) educating and promoting for technology requirements by accessing with the local and international organizations respectively;

(၃) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ — အဖွဲ့ဝင်

(၅) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ — အဖွဲ့ဝင်

(၆) အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ — အဖွဲ့ဝင်

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက်မှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ကို ဗဟိုကော်မတီက သတ်မှတ်၍တာဝန် ပေးအပ် ရမည်။

၈။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင် ဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကို ဗဟိုကော်မတီသို့ စုဆောင်း သုံးသပ်တင်ပြခြင်း၊

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတား ဖြစ်နေသော ကိစ္စရပ်များအား ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ စီးပွားရေး ဈေးကွက်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးကို ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက် ပြည့်မီအောင် လေ့ကျင့် ပျိုးထောင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာ လိုအပ်ချက်များအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်း အသီးသီးနှင့် ချိတ်ဆက်၍ ပညာပေး မြှင့်တင်ခြင်း၊

(f) connecting with the relevant government or private financial institution, investment organizations and banks in order to obtain local and foreign financial assistances;

(g) supporting for the development of the operations of related banks and microfinance activities for the development of small and medium enterprises;

(h) cooperating with local and international organizations relatingto small and medium enterprises to receive and disseminate technology and economic advice;

(i) coordinatingwith the technicalresearch departmentof the government Ministries and non-government organizations;

(j) formation the agency, fund management body and evaluation reporting body with the approval of the Central Committee and specifying its functions and duties;

(k) submitting the operations reports and the other necessary reports to the Central Committee;

(l) coordinating for attaining necessary budget allotment from Union BudgetFund for the development of small and medium enterprises;

(m) undertakingthe functions and duties relating to the development of small and medium enterprises assigned by the Central Committee from time to time;

(n) arranging for the occurrence of connection between the manufacturing sectors and sale sectors in the regions respectively;

( စ ) ပြည်တွင်းပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိက ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

( ဇ ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အကြံပြုချက်များ ရယူဖြန့်ဖြူးနိုင်ရန် ပြည်တွင်းပြည်ပ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဈ) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာ ဆိုင်ရာ သုတေသနဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ည) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

( ဋ ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

( ဌ ) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့ခွဲဝေမှု ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

( ဍ ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိ ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှု ကဏ္ဍများအား အချင်းချင်း ချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊

## Chapter VI

## Formation of the Evaluation and Reporting Body and Functions and Duties thereof

9. The Working Committee shall form the Evaluation Reporting Body with the suitable persons with the approval of the Central Committee. A member who is appointed by the Central Committee shall perform as the chairperson of the body.

10. The functions and duties of the Evaluation Reporting Body are as follows:

(a) observing and evaluating the actual conditions, requirements and difficulties of small and medium enterprises;

(b) evaluatingthe performance of the agency and agency branch offices ;

(c) evaluating work performance of service businesses, training schools, and financial institutionswhichsupport for the development of small and medium enterprises;

(d) assessing and evaluating the impact of small and medium enterprises on naturaland socio-economic environment;

(e) evaluating in order to support by the State on the requirement of small and medium enterprises through the analysis of the development of regional countries and countries around the world;

(f) evaluating the sector growth, contribution in Gross Domestic Product (GDP),exports and imports of small and medium enterprises;

## အခန်း(၆)

## လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း ရမည်။ ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးက အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၁၀။ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့ တင်ပို့မှုနှင့် ပြည်ပမှတင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(g) assessing and evaluating on job creation of small and medium enterprises, minimum wage, investment and products according to type, of business, investment and employment;

(h) submitting the evaluation report to the Central Committee through the Working Committee and proclaiming to the public from time to time.

## Chapter VII

## Formation of Agency and Agency Branch Offices and Functions and Duties thereof

11. The Working Committee shall form the agency comprising of the heads from concerned government departments, government organizations, and the suitable representatives and experts from the associations with the approval of the Central Committee.

12. The person who is appointed with the approval of the Central Committee shall perform as the chairman of the agency. The chairman of the agency shall be deemed as Deputy Ministerlevel.

13. The Director General from the responsible ministry shall perform as the secretary of the agency.

14. The functions and Duties of the agency are as follows:

(a) implementing the small and medium enterprisesdevelopment policy;

(b) submittingthe annual progress report on enhancing the development of the small and medium enterprises to the Central Committee through the Working Committee;

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးရရှိသည့် လုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထွက်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများ ကို စိစစ်သုံးသပ်ခြင်း၊

(ဇ) လုပ်ငန်းသုံးသပ်ချက်များနှင့် သက်ဆိုင်သည့် အစီရင်ခံစာများကို လုပ်ငန်း ကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသို့ အခါ အားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

## အခန်း (၇)
## အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီး အမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များ ပါဝင်သည့် အေဂျင်စီ ကို ဖွဲ့စည်းရမည်။

၁၂။ ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်း ခံရသော ပုဂ္ဂိုလ်က အေဂျင်စီဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရမည်။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီး အဆင့်ပုဂ္ဂိုလ် ဖြစ်သည် ဟု မှတ်ယူရမည်။

၁၃။ တာဝန်ခံဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရမည်။

၁၄။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည် တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီ သို့ တင်သွင်းခြင်း၊

(c) supporting to lessen the difficulties and needs faced according to the business nature ofthe small and medium enterprises;

(d) coordinating for the establishment of regional agency branch offices and one-stop service teamin order to provide the necessary services to the small and medium enterprises;

(e) undertaking legal education activities related to the small and medium enterprises;

(f) tenderingnecessary advice, organizing workshops and providing trainingsrequired for the development of the small and medium enterprises;

(g) coordinatingwith the relevant government departments and government organizations for the establishment of the small and medium enterprises;

(h) providing non-financial services in cooperation with the relevant ministry, organizations, companies and banks for enhancing the availability of financial support to the small and medium enterprises ;

(i) facilitating to establish the economic networks by cooperating between the small and medium enterprises and the local and foreign enterprises;

(j) urging the competition of the small and medium enterpriseseach other to promote the creation and extension of market, and organizing goods and technology exhibitions;

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ လုပ်ငန်းသဘော သဘာဝအလိုက် ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဒေသဆိုင်ရာ အေဂျင်စီ ရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်း ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေ ပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ များကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း ၊

(ဆ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက် ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းလျက် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရန် ငွေကြေးမဟုတ်သော ဝန်ဆောင်မှု များကို ဆောင်ရွက်ပေးခြင်း၊

(ဈ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ည) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အချင်းချင်း ယှဉ်ပြိုင် ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(k) advising and settling the disputes of small and medium enterprises, and assisting to settle the disputes by means of arbitration;

(l) supporting for the establishment of legal consultancy organizations and consultancy service for business set-up related to the small and medium enterprises;

(m) collecting the data and statistics related to the small and medium enterprise, checking in phases, recording and using as necessary;

(n) arranging to allow the registration of small and medium enterprises in accord with the stipulations and specifying the term of registration;

(o) communicating with the international financial institutions, international development agencies, business associations and local and international non-government organizations for the development of the small and medium enterprises;

(p) cooperatingclosely with the financial institutions for the development of the small and medium enterprises and implementation of development means,and obtaining advices;

(q) keeping the status of the small and medium enterprises until next three years after changing and emerging from type of small and medium enterprise;

(ဠ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖြန်ဖြေပေးခြင်းနှင့် ခုံသမာဓိ နည်းဖြင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဥ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေ အတိုင်ပင်ခံအဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်း၊

(ဍ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့် စစ်ဆေးခြင်း၊ မှတ်တမ်း တင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်း၊

(ဎ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင် သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဏ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ရန်အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည် ဆိုင်ရာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်း များနှင့် ဆက်သွယ်ခြင်း၊

(တ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် တိုးတက်ရေးနည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းညှိနှိုင်း ဆောင်ရွက် ခြင်း၊ အကြံဉာဏ် ရယူခြင်း၊

(ထ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ ပြောင်းလဲ ဖြစ်ပေါ်လာပြီး နောက် ၃ နှစ်အထိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း။

15. The agency branch offices which implement the functions and duties of the agency according to regions shall take responsibilityto the operations of one-stop service teams in the relevant areas.

## Chapter VIII

## The Role of Business Associations

16. The business associationsshall closely work with the Central Committee and the other related organizations in order to comply with and implement the basic principles of this law.

17. The business associations shallcooperate each other for the growth and development of the small and medium enterprises and the development of their business standard.

## Chapter IX

## Duties and Rights of Entrepreneur

18. The duties and rights of entrepreneur are as follows:

(a) registration of small and medium enterprisesin accord with the stipulations to enable to enjoy the rights contained in this law;

(b) changing freely of management mode and advanced technology in order to respond on the changes of economic or social environment and to develop enterprises;

(c) informing by the entrepreneur when the capital investment, number of labour and annual income of the previous year are inclusive as small and medium enterpriseare inconsistent with any of the specifications, re-registering within the permitted period and returning the registration certificate;

၁၅။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဒေသအလိုက်အကောင်အထည်ဖော်မည့် အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာနယ်မြေအတွင်း တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပေးသည့် အဖွဲ့ များ၏ လုပ်ငန်း ဆောင်ရွက်မှုများကို တာဝန်ခံရမည်။

## အခန်း(၈)
## စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၁၆။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် ဤဥပဒေ၏ အခြေခံမူဝါဒများ ကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့် အဖွဲ့ အစည်းများနှင့် နီးကပ်စွာ လုပ်ကိုင် ဆောင်ရွက်ရမည်။

၁၇။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေး အဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဦးနှင့်တစ်ဦး ပူးပေါင်း ဆောင်ရွက်ရမည်။

## အခန်း(၉)
## လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၈။ လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊

(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင် ပြောင်းလဲ ဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲ ဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့် မတည်ရင်းနှီးငွေ၊ လုပ်သားဦးရေနှင့် လွန်ခဲ့သောနှစ် ၏ တစ်နှစ်ဝင်ငွေ သတ်မှတ်ချက် တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ လုပ်ငန်း ဆောင်ရွက်သူက အေဂျင်စီသို့ သတင်းပေးပို့ တင်ပြခြင်း၊ ခွင့်ပြုကာလအတွင်း ပြောင်းလဲမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင် လက်မှတ် ကို ပြန်လည်အပ်နှံခြင်း၊

(d) keeping statisticsand records of own business in accord with the stipulations and receiving inspection according to the necessity;

(e) having the right to submit the grievances to the agency through the agency branch office;

(f) having the right to connect with government and non-government technical research departments, and local and foreign organizations through the agency for energy production and effective and efficient use of energy, environmental conservation , the production of value-added products and the use of machinery;

(g) having the right to attend in local and foreign training courses, workshops, lectures, exhibitions and competitions with the arrangement of the agency;

(h) having the right to apply forobtaining financial assistance and other services from the government ministries, government organizations and private organizations through the agency;

(i) having the right to apply for enabling to obtain loans according to the business plan for the development of small and medium enterprises;

(j) having the right to participate in the local and foreign business networks with the arrangement of agency;

## Chapter X

### Formation of the Fund Management Body and Function and Duties thereof

19. The Working Committee shall, with the approval of the Central Committee, form Fund Management Body with the suitable persons in accord withthe stipulations. A member of the bodywho is designated by the Central Committee shall perform as the chairperson.

(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီစစ်ဆေးမှုကို ခံယူခြင်း၊

(င) နစ်နာမှုများနှင့်စပ်လျဉ်း၍ အေဂျင်စီ ရုံးခွဲမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊

(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိ ထိရောက်စွာ အသုံးချရေး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြှင့်ထုတ်ကုန် ပစ္စည်းထုတ်လုပ်မှု နှင့် စက်ကိရိယာများအသုံးပြုရေးတို့အတွက် အစိုးရနှင့် အစိုးရမဟုတ် သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် အေဂျင်စီမှ တစ်ဆင့် ချိတ်ဆက် ဆောင်ရွက် နိုင်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်း၊

(ဇ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့ အစည်းများမှ ထောက်ပံ့သည့်ငွေကြေးနှင့် အခြား ဝန်ဆောင်မှုများ ရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထား နိုင်ခြင်း၊

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းစီမံချက်များ အလိုက် ချေးငွေရယူ ဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊

(ည) ပြည်တွင်းပြည်ပ စီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏ အစီအစဉ် ဖြင့် ပါဝင်နိုင်ခြင်း။

## အခန်း(၁၀)
## ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း ရမည်။ ဗဟို ကော်မတီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးက အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

20. The functionsand duties of the Fund Management Body are as follows-

(a) calculatingand submittingto the Working Committee for estimating in annual budget allotment in order to provide loan services with low interest for the purpose of the development of small and medium enterprises;

(b) proposing a financial support to be enable to use for the supporting activities of small and medium enterprises development to the Central Committee through the Working Committee;

(c) establishing the small and medium enterprises development fund with the assistance fund of the State, grant from local and international financial institutions, donation from the donors and the service fees received from the own services;

(d) coordinating for the cooperation between the local and foreign organizations desirous to make investment and the registered small and medium enterprises in accord with the existing laws;

(e) arranging and recognizingfor the direct access to finance of registered small and medium enterprises through the small and medium enterprise development banks and concerned banks after receiving a special loan with low interestspecified by the State, non-interest loan from internal and external banks, financial institutions and investment organizations, loan with low interest and any loan with normal interest for the development of small and medium enterprises;

၂၀။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်း လျာထားရန်၊ လုပ်ငန်းကော်မတီသို့ တွက်ချက် တင်ပြခြင်း၊

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြု ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေတစ်ရပ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်မှထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ ငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များမှလှူဒါန်းငွေ မိမိဝန်ဆောင်မှု လုပ်ငန်းများမှ ဝန်ဆောင်ခ ရရှိငွေ တို့နှင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်ထားရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ သတ်မှတ်သော အထူးချေးငွေတစ်ရပ်နှင့် ပြည်တွင်းပြည်ပဘဏ်များ၊ ငွေကြေး အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများမှ ရရှိနိုင်သည့် အတိုးမဲ့ချေးငွေ၊ အတိုးသက်သာသောချေးငွေ၊ သာမန်အတိုးနှုန်းချေးငွေ အရပ်ရပ်တို့ကိုရယူပြီး အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်နှင့် သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားရှိသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက် ချိတ်ဆက်ချေးယူနိုင်ရန် စီစဉ်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း၊

(f) using the fund for the matters of the development of the small and medium enterprises;

(g) establishing theFinancial Information Unit to support for obtaining the normal loan, low interest loan, non-interest loan and grant aids not repayable to the small and medium enterprises;

(h) coordinating with the credit guarantee companies and corporations allowed by the Ministry of Finance in order to protect the losses in borrowing money to small and medium enterprises;

21. The Fund Management Bodyshallcarry outin consultation with the Ministry of Finance and the Central Bank of Myanmar under the supervision of the Working Committee for the effective implementation of the financial matters.

## Chapter XI

## One-stop Service System

22. The respective Ministries shall conferred powers tothe officials to function, who have capacity to undertake one-stop service system by giving authority to work jointly in the one-stop service team for the development of small and medium enterprises.

23. The officials who are implementing the one-stop service system shall cooperate with the agency branch offices.

## Chapter XII

## Collecting and Keeping the Information and Dissemination

24. The agency shall, with respective departments and organizations to carry out the collecting information, keeping records and using of such

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ငွေကြေးကျခံသုံးစွဲခြင်း၊

(ဆ) အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်း သက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေ၊ ပြန်လည် ပေးဆပ်စရာမလိုသောအကူအညီငွေများရရှိရန်အတွက် အထောက်အကူပြုရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဇ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများကာကွယ်နိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံ ကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက် ပေးခြင်း။

၂၁။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်

၂၂။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၂၃။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် အေဂျင်စီရုံးခွဲများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၁၂)
## သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၂၄။ အေဂျင်စီသည် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း ၊ မှတ်တမ်းတင်ထားရှိခြင်း၊

information as may be necessary related to the small and medium enterprise, coordinate and cooperate the followings:

(a) providing information on market, technology and investment through the network systems and disseminating thorough the media;

(b) coordinating for the establishment of local and international market advisory centers;

(c) coordinating with the relevant departments to develop e-commerce system for the local and foreign buyers and sellers;

## Chapter XIII

## Human Resources Development and ProvidingTechnology

25. The agency shall, with the relevant departments and organizations to enhance the production capacity and competitiveness of the small and medium enterprises coordinate the followings:

(a) seeking and transferring appropriate technologies;

(b) providing advice on production technology and trainingswhich enable to the utilization of modern machineries;

(c) encouraging and cooperating for the establishment ofthe laboratories that will test the quality of the products;

(d) exchangingtechnology between the local and foreign departments, organizations and private organizations;

(e) arranging the deserved reward according to the business capacity in order to promote the innovation;

လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်း ပူးပေါင်းစီစဉ် ဆောင်ရွက်ရမည် -

(က) ဈေးကွက်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ယက်စနစ်များဖြင့်ပံ့ပိုးပေးခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန် ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာ ဈေးကွက်ဆိုင်ရာ အကြံပေးဌာနများ ထူထောင် ဖွင့်လှစ်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ်ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၁၃)

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နည်းပညာအထောက်အပံ့ပေးခြင်း

၂၅။ အေဂျင်စီသည် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ထုတ်လုပ်မှု စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှု မြှင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာ ဌာန၊အဖွဲ့အစည်း များနှင့် ညှိနှိုင်းပူးပေါင်း စီစဉ်ဆောင်ရွက်ရမည်-

(က) သင့်လျော်သည့် နည်းပညာများကို ရှာဖွေဖော်ထုတ် လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာ ပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏အရည်အသွေးကို စစ်ဆေးပေးမည့်ဓာတ်ခွဲခန်းများ တည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အကြား နည်းပညာ ပူးပေါင်း ဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည် မြှင့်တင်နိုင်ရန် လုပ်ငန်းစွမ်းဆောင်ရည် အလိုက် ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(f) providingnew technologiesachieved from the research results in order to produce from pilot stage to commercial production;

(g) undertaking the capacity building programme for the small and medium entrepreneurs and supporting in the human resource development activity;

## Chapter XIV

## Finding Market and Connection

26. The agency shall, with the relevant departments and organizations for market promotion of the small and medium enterprises, coordinate and cooperate the following:

(a) encouraging the export priority business actions;

(b) causing the awareness and familiar of the entrepreneurs on principles and practices of the international markets;

(c) supporting for market penetration and acquisition of market shares;

(d) enabling to reveal the standardization which can connect to the international market, and arranging for easy and smooth trade;

(e) causingthe awareness and familiar of the entrepreneurs on customs and trade producers, and to receive appropriate relaxation;

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို ရှေ့ပြေးအဆင့်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း။

## အခန်း (၁၄)

## ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်း

၂၆။ အေဂျင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း စီစဉ် ဆောင်ရွက်ရမည်-

(က) ပို့ကုန်ဦးစားပေးလုပ်ငန်း ဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့် စည်းမျဉ်းများကို လုပ်ငန်းဆောင်ရွက်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက် ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများရရှိစေရန် ပံ့ပိုးဆောင်ရွက် ပေးခြင်း၊

(ဃ) နိုင်ငံတကာဈေးကွက်ကို ချိတ်ဆက်မိစေမည့် စံနှုန်းသတ်မှတ်ချက်များဖော်ဆောင်နိုင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးတို့ကို စီစဉ်ပေးခြင်း၊

(င) အကောက်ခွန်နှင့် ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းဆောင်ရွက်သူများ သိရှိကျွမ်းဝင်စေခြင်းနှင့် ထိုက်သင့်သည့်ဖြေလျှော့မှုများ ရရှိစေခြင်း။

## Chapter XV

## Coordinationon Taxation

27. The agency shall, for the development of small and medium enterprises and acquisition of competitiveness ability in accord with the guidance of the Working Committee, advice to the relevant departments and organizations to undertake tax exemption and reliefs regarding the followings matters:

(a) manufacturing ofadvanced new products through research;

(b) operating small and medium enterprises which include in the list of priority in the less economic developed areas;

(c) undertaking the manufacturing of products by using by-products and wastes;

(d) undertaking the factory modification for energy production, effective and efficient use of energy, reutilization;

(e) undertaking the rehabilitation of the small and medium enterprises due to devastation of natural disaster.

## Chapter XVI

## Supporting Entrepreneurship and Business Start-up

28. The agency shall, with relevant departments and organizations in order to make more investment in the small and medium enterprises by

## အခန်း (၁၅)

## အခွန်အကောက်ဆိုင်ရာ ညှိနှိုင်း ဆောင်ရွက်ပေးခြင်း

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရည် ရှိစေရန် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အကြံပြု တင်ပြရမည် -

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သော ကုန်ပစ္စည်း အသစ်ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေ သောဒေသ၌ ဦးစားပေးစာရင်းဝင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေအလွင့် ပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိ ထိရောက်စွာ အသုံးချရေးနှင့် ပြန်လည် သုံးစွဲရေးတို့အတွက် အလုပ်ရုံ အတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း (၁၆)

## စွန့်ဦးတီထွင်မှုနှင့် လုပ်ငန်းသစ်စတင်မှုကို ပံ့ပိုးဆောင်ရွက်ခြင်း

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုပြုသောလုပ်ငန်းရှင်များအနေဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ

entrepreneurs who undertake entrepreneurship in accord with the guidance of the Working Committee, coordinate and cooperate the following:

(a) giving tax relief;

(b) leasing the land to establish factory or the place for business with reasonable rate;

(c) establishing the business consultancy services, and advising and resolving the difficulties;

(d) assisting the establishment of joint-venture business.

## Chapter XVII

## Registration

29. The agency shall –

(a) allow the small and medium enterprises to register if theyare enable to present the relevant license, permit or registration certificate;

(b) allowto register, if the small and medium enterprises are not required to have license, permit or registeredcertificate when consistent with the following:

(1) not affecting the health of public who are residing in the surrounding;

(2) being minimum impact on the natural and socio-economic environment and providing conservation work complied with specification;

တွင် ပိုမိုရင်းနှီး မြှုပ်နှံလာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ နှင့် ညှိနှိုင်းပူးပေါင်း စီစဉ် ဆောင်ရွက်ရမည်-

(က) အခွန်လျှော့ပေါ့ကောက်ခံခြင်း၊

(ခ) စက်ရုံများတည်ထောင်ရန် မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့် နှုန်းထားဖြင့် ငှားရမ်းခြင်း၊

(ဂ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှု လုပ်ငန်းများ တည်ထောင်ဆောင်ရွက်ခြင်းနှင့် အခက်အခဲများကို အကြံပြုဖြေရှင်း ခြင်း၊

(ဃ) အကျိုးတူ ကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်း တည်ထောင်နိုင်ရန် ကူညီ ဆောင်ရွက် ပေးခြင်း။

## အခန်း (၁၇)
## မှတ်ပုံတင်ခြင်း

၂၉။ အေဂျင်စီသည် -

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ် တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုရ မည်။

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့် လုပ်ငန်းဖြစ်ပါက အောက်ပါ သတ်မှတ် ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှု မရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင် အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်း၊ ပြန်လည် ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊

(3) being safety of fire.

(4) not affecting the safety of work site and health;

30. The small and medium enterprisesmaymake registration, withdraw business license and apply for necessary recommendations at the relevant one-stop service centre.

31. The agency shall revoke the registration when one of the following mattersoccurs:

(a) returning of registration certificate by entrepreneur;

(b) termination of business under the existing laws;

(c) exceeding of limited three year period on changing business status which beyond the definition of small and medium enterprises;

## Chapter XVIII

## Miscellaneous

32. The Central Committee shall,in accord with this Law,succeed and discharge the functionsand duties of the Central Committee of Small and Medium Enterprises Development which was formed before enacting this law.

33. The Working Committee shall,in accord with this law, succeed and discharge the functionsand duties of the WorkingCommittee of the Small and Medium Enterprises Development which was formed before enacting this law.

34. In order to undertake the previsions contained in this law,the responsible Ministry shall take responsible for the office works of the Central Committee, the WorkingCommittee, the Agency, Fund Management Body, Evaluation and Reporting Body, Agency Branch offices and One-Stop Service Centre and shallbear the expenditures.

(ဃ) မီးဘေးအန္တရာယ်ကင်းရှင်းခြင်း၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်မှုမရှိခြင်း။

၃၀။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေး လုပ်ငန်းလိုင်စင်ထုတ်ယူခြင်းနှင့် လိုအပ်သောထောက်ခံချက်များ လျှောက်ထားခြင်းတို့ ပြုနိုင်သည်။

၃၁။ အေဂျင်စီသည် အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည် ရုပ်သိမ်းရမည် -

(က) လုပ်ငန်းဆောင်ရွက်သူက မှတ်ပုံတင် လက်မှတ်ကို ပြန်လည် အပ်နှံခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်း ရပ်စဲခံရခြင်း၊

(ဂ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ် ကာလ ၃ နှစ် ထက်ကျော်လွန်ခြင်း။

## အခန်း (၁၈)

## အထွေထွေ

၃၂။ ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ လုပ်ငန်းကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားသော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် တာဝန်ခံဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အေဂျင်စီရုံးခွဲနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော အဖွဲ့တို့၏ ရုံးလုပ်ငန်း များကို တာဝန်ယူ ဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ကျခံရမည်။

35. The responsible Ministry shall, with the approval of the Union Government, specifythe recompense and allowance of the members of the Central Committee, the Working Committee, the Agency, the Fund Management Body and the Evaluation Reporting Body who are not government officials.

36. The term of service of the Union level personnel contained in this law are normally the same as the term of the President.

37. In implementing the provisions contained in this law:

(a) The responsible Ministry mayissue the necessary rules, regulations and by-laws with the approval of the Union Government;

(b) The Central Committee, the Working Committee, and the responsible Ministry may issue the necessary notifications, orders, directives and procedures.

(c) The Agency mayissue the necessary orders and directives with the approval of the Working Committee.

---

I hereby sign under the Constitution of the Republic of the Union of Myanmar.

(Sd.) Thein Sein

President of the Union

Republic of the Union of Myanmar

၃၅။ တာဝန်ခံဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်း ကော်မတီအဖွဲ့ဝင်၊ **အေဂျင်စီ** အဖွဲ့ဝင်၊ ရန်ပုံငွေ စီမံခန့်ခွဲမှု အဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၃၆။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူး သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော် သမ္မတ၏ ရာထူးသက်တမ်း အတိုင်းဖြစ်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တာဝန်ခံဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

(ဂ) အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ် သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ်စောင်ရေ (၂၀၀၀) (. . ၂၀၁၅)

စက်မှုဝန်ကြီးဌာန

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ

# ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

# (၂၀၁၅ ခုနှစ်)